# Highlights from DVB Debate's Why Vote

## Oct 30, 2015

## "Why should you Vote?"

"တိုင်းရင်းသားအားလုံး၊ မဲဆန္ဒရှင်အားလုံးသည် လာမယ့် နိုဝင်ဘာ ၈ ရက်နေ့မှာတော့ မဲရုံကို မပျက်မကွက်သွားပြီး တိုင်းပြည်အတွက် တကယ် အလုပ်လုပ်မယ့်ပါတီကို ရဲရဲဝင့်ဝင့်ထောက်ခံပြီး မဲပေးကြပါ။"

သရဂ်ဏ်(ပြည်) - စာရေးဆရာ

---

"တိုင်းရင်းသားတွေဆိုတာက တောက်လျှောက် နှစ် ၇၀ လောက် တန်းတူ အခွင့်အရေးမရခဲ့ဘူး။ ဒါကြောင့် တိုင်းရင်းသားဒေသတွေမှာ ၂၀၁၅ အလွန် နိုင်ငံရေးအခင်းအကျင်းမှာ တိုင်းရင်းသားတွေရဲ့ပြောရေးဆိုခွင့်ရဖို့ အရေးကြီးတယ်။ ဒါကြောင့် တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားပါတီတွေ အနိုင်ရအောင် မဲဆွယ်စည်းရုံးနေတယ်။ ကျနော်တို့ အိမ်ရှင်ပဲ အိမ်ပြင်ရိုးထုံးစံရှိပါတယ်.ကျနော်တို့ အိမ်ရှင်တွေပဲ အိမ်ပြင်ချင်ပါတယ်"

ဦးကျော်ဇေယျာဝင်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ မွန်အမျိုးသားပါတီ

---

"တသီးပုဂ္ဂလကိုယ်စားလှယ်တွေဟာ ပြည်သူ့လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်တယ်။ ဥပမာ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်း ၅ နှစ်ကိုပဲ ကြည့် ပါတီတခုရဲ့ကိုယ်စားလှယ်တဦးကို ပြည်သူက ကိုယ့်ရဲ့ဆန္ဒသွားတင်ပြတဲ့အခါမှာ အဲဒီကိုယ်စားလှယ်တွေ ဘာပြောလဲ..ပါတီခေါင်းဆောင်ကိုတင်ပြရမယ်၊ ပါတီကိုတင်ပြရမယ်ဆိုတာ..။ ပြည်သူလူထုက ပြန်ကြည့်ပါ တသီးပုဂ္ဂလကိုယ်စားလှယ်က မိမိတို့အသံ အမြန်ဆုံးကို သယ်နိုင်သလား၊ ပါတီတခုရဲ့ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များက မိမိတို့အသံကို အမြန်ဆုံးပို့နိုင်သလားဆိုတာ..မဲပေးတဲ့အခါ ထည့်သွင်းစဉ်းစားရမယ့် အချက်လို့ ပြောချင်တယ်"

ဒေါက်တာညိုညိုသင်း - တသီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း

---

"အန်အယ်လ်ဒီကို ဘာကြောင့် မဲပေးသင့်လဲဆိုရင် ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ၁၉၈၈ အရေးတော်ပုံကနေစပြီး ဒီနေ့ဒီအချိန်ထိ ဖြတ်သန်းခဲ့တဲ့ ဒီမိုကရေစီအရေးတော်ပုံနဲ့ ဒီမိုကရေစီလှုပ်ရှားမှုတိုင်းမှာ ပြည်သူတွေ၊ တိုင်းရင်းသားတွေနဲ့တွဲပြီး ဆောင်ရွက်ခဲ့တယ်၊ နောက်အသွင်ကူးပြောင်းရေးကာလကနေ ဖယ်ဒရယ်ပြည်ထောင်စု တခု စစ်စစ်မှန်မှန် ပေါ်ပေါက်ရေးဆိုတဲ့ မူကို ခိုင်ခိုင်မာမာ ကိုင်စွဲထားတာဖြစ်လို့ပဲ"

ဦးလွင်ကိုလတ် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တနိုင်ငံလုံးအတိုင်းအတာ ရွေးကောက်ပွဲ ဝင်တာက ပြည်သူ့လက်ထဲ ပြည်သူ့အာဏာပြန်ရောက်စေချင်လို့ ဖြစ်တယ်။ အာဏာဟာ တုတ်တချောင်းဖြစ်မယ်ဆိုရင် ကျနော်တို့ပြည်သူလူထုက ကိုယ့်တုတ်နဲ့ကိုယ် ပြန်အရိုက်ခံရတာ နှစ်ပေါင်းတော်တော်ကြာပြီ အသားလည်း နာနေတယ် အသဲလဲနာနေတယ်။ ဒီလို ရလာတဲ့ အခွင့်အရေး အချိန်အခါတခုမှာ ဒီအာဏာကို ထာဝရ ပြည်သူ့လက်ထဲမှာရှိဖို့ ရှေ့မှာ ဆက်ကြိုးစားမယ်။ ပြည်သူ့အာဏာဟာ ထာဝရပဲ အစိုးရသည် ယာယီပဲ၊ ၅ နှစ်သက်တမ်း တခု တခုမှာ ပြည်သူဟာ အာဏာကိုင်ထားနိုင်ရင် အစိုးရတွေကို အကြိမ်ကြိမ်ပယ်ထုတ်သွားနိုင်မယ်"

ဦးလွင်ကိုလတ် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ